## ဆိပ်ခံတံတား၊ ဇောတံတားနှင့် ရေဆင်းတံတား ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ အထက်ပါလုပ်ငန်းများအတွက် လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဤပြည်နယ်ရုံးမှတဆင့် ဤဦးစီးဌာန(ရုံးချုပ်)သို့ လုပ်ငန်းခွင့်ပြုချက် တောင်းခံရမည်။

(က) သတ်မှတ်ပုံစံ-၆ လျှောက်လွှာ(ပါဝင်ရမည့်အချက်များ)

(၁) လျှောက်ထားသူ၏အမည်နှင့်နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်

(၂) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့်မွေးသက္ကရာဇ်

(၃) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်၊ အီးမေးလ်။

(၄) လျှောက်ထားသူသည် အဖွဲ့အစည်းကိုယ်စား လျှောက်ထားပါက အဖွဲ့အစည်းမှတ်ပုံတင်နှင့်လိပ်စာ။

(၅) ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်၊ အီးမေးလ်။

(၆) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့်မွေးသက္ကရာဇ်။

(၇) လုပ်ငန်းဆောင်ရွက်မည့် နေရာ၊မြေပုံကြမ်း။

(၈) လုပ်ငန်းဆောင်ရွက်မည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ။

(၉) လုပ်ငန်းဆောင်ရွက်မည့်နေရာနှင့်စပ်လျဉ်း၍ အရှုတ်အရှင်းမရှိကြောင်း ထောက်ခံချက် ထုတ်ပေးသည့် သက်ဆိုင်ရာအဖွဲ့အစည်းအမည်နှင့် ထုတ်ပေးသည့်ရက်စွဲ။

(ခ) လျှောက်ထားသူ/ အဖွဲ့အစည်းအား လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာမည့် ဝန်ခံချက်။

(ဂ) လျှောက်ထားသူ/ အဖွဲ့အစည်းသည် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းမည့်ဝန်ခံချက်။

(ဃ) ကိုယ်စားလှယ် လွှဲစာမူရင်း(ရှိလျှင်)။

(င) သက်ဆိုင်ရာ ရပ်/ကျေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်။

(စ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့်မှတ်ပုံတင်လက်မှတ်မိတ္တူ။

(ဆ) တံတားဒီဇိုင်းပုံစံနှင့် အတိုင်းအတာ။

(ဇ) မြေယာပိုင်ဆိုင်မှု (စည်ပင်၊ အိုး/အိမ်/ ရထား/ ဆောက်လုပ်ရေး/ ထွေအုပ်--) အထောက်အထားတို့ ဖြစ်ပါသည်။

## ၂။ **ပြည်နယ်ရုံးမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

(က) လျှောက်ထားလာသောလျှောက်လွှာကို အချက်အလက်များ ပြည့်စုံမှုရှိ/မရှိ စိစစ်၍ လျှောက်ထားလာသောနေရာအား ဤပြည်နယ်ရုံးမှ သွားရောက်တိုင်းတာပြီး ရေကြောင်း ကင်းလွတ်မှုရှိ/မရှိ၊ ကမ်းပြိုကမ်းစားရှိ/မရှိနှင့် မြစ်ကြမ်းအနေ အထား စသည့်အခြေအနေအား စစ်ဆေးကြည့်ရှုတိုင်းတာပြီး ရေလမ်းမြေပုံ ထုတ်ရပါသည်။

(ခ) ဤပြည်နယ်ရုံးသည် လိုအပ်သောရေလမ်းမြေပုံနှင့် တည်နေရာပြမြေပုံ များထုတ်၍ ဤပြည်နယ်၏ စစ်ဆေးတွေ့ရှိချက်များနှင့်အတူ ဤဦးစီးဌာန (ရုံးချုပ်)သို့ တင်ပြပေးပြီး ရုံးချုပ်၏ လုပ်ငန်းခွင့်ပြုချက် ပြန်ကြားလာပါက လျှောက်ထားသူထံသို့ ပြန်ကြားပေးသွားရမည်ဖြစ်ပါသည်။

(ဂ) ဤပြည်နယ်ရုံးသည် လုပ်ငန်းခွင့်ပြုချက်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၃။ **ဦးစီးဌာန(ရုံးချုပ်)မှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

(က) ဤဦးစီးဌာန(ရုံးချုပ်)သည် လုပ်ငန်းခွင့်ပြုချက်တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ခြင်းကို ထိခိုက်နိုင် ဖွယ်ရာ

ရှိ/မရှိ စိစစ်ပြီး ထိခိုက်နိုင်ဖွယ်ရှိပါက ငြင်းပယ်ခြင်း (သို့မဟုတ်) ထိခိုက်နိုင်ဖွယ်မရှိပါက ခွင့်ပြုပြီး စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်၍ လုပ်ငန်းခွင့်ပြုချက် သတ်မှတ်ပုံစံ(၈)ဖြင့် ထုတ်ပေးရမည်ဖြစ်သည်။

(ခ) လုပ်ငန်းခွင့်ပြုချက်ရရှိသူသည် ခွင့်ပြုထားသည့် နေရာအကျယ်အဝန်း၏ တစ်စတုရန်းမီတာလျှင် တစ်လ ၁၂၅ ကျပ်နှုန်းဖြင့် ဦးစီးဌာနသို့ ပေးသွင်းရမည်ဖြစ်ပါသည်။

(ဂ) ဤဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက ထုတ်ပေးထားသော လုပ်ငန်းခွင့်ပြုချက်အား ရုပ်သိမ်းနိုင်သည်။

## ၄။ ကြီးကြပ်မှုအပိုင်း

မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်များတွင် ဆိပ်ခံတံတား (သို့မဟုတ်) ဇောတံတား၊ ရေဆင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ဤပြည်နယ်ရုံးမှ သတ်မှတ်စည်းကမ်းချက်များ လိုက်နာမှု ရှိ/မရှိ အနီးကပ် ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။